ချောင်းမနားကျေးရွာအုပ်စု၊ ကျွတ်ကျွန်းကျေးရွာ

ချောင်းဦးမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈-၂၀၁၉)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ကျွတ်ကျွန်းကျေးရွာ၊ ချောင်းဦးမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၉ ခုနှစ်၊ ဧပြီ လ

မာတိကာ

မာတိကာ ၁

စကားချီး ၃

ကျွက်ကျွန်းကျေးရွာသယံဇာတပြန်လည်ပုံနှင့် ရာသီခွင်ပြ ပြက္ခဒိန် ၄

အပိုင်း(၁) ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၅

(က) နိဒါန်း

(ခ) ရည်ရွယ်ချက်

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

၁။ တည်နေရာနှင့်ပထဝီအနေအထား ၆

၂။ ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ ၆

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ ၆

(က) လူဦးရေဆိုင်ရာအချက်အလက်များ

(ခ) စီမံခန့်ခွဲမှုအခြေအနေ

၄။ စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ ၇

(က) စီးပွားရေးအခြေအနေ

(ခ) စိုက်ပျိုးနိုင်သည့်မြေဧရိယာ

(ဂ) အဓိကသီးနှံများနှင့်အထွက်နှုန်း

(ဃ) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ

(င) စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

၅။ အခြေခံအဆောင်အဦးနှင့်ဝန်ဆောင်မှုများ ၈

(က) ကုန်စည်နှင့်ဝန်ဆောင်မှု စျေးကွက်လက်လှမ်းမီမှုအခြေအနေ

(ခ) လမ်း၊တံတား၊ သယ်ယူပို့ဆောင်ရေး၊ လျှပ်စစ်မီး၊ ဆက်သွယ်ရေးနှင့်သတင်း

၆။ ပညာရေး ၈

၇။ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး ၉

၈။ ဘေးအန္တရာယ်ထိခိုက်မှုများနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ၉

၉။ ကျား-မ ရေးရာ ၁၀

၁၀။ ဦးစားပေးဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၁၁

(က) ဦးစားပေးစီမံချက်များ

(ခ) အကောင်အထည်ဖော်မည့်အချိန်ကာလ ၁၂

နောက်ဆက်တွဲ

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား ၁၃-၁၆

စီမံချက်အဆိုပြုလွှာ(သို့)စီမံချက်အကြောင်းအရာ ၁၇-၁၈

ကော်မတီဝင်များစာရင်း ၁၉

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈-၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် မှ ၂၀၂၂-၂၀၂၃ ခု၊ ဘဏ္ဍာရေးနှစ် အထိ(၅)နှစ်ကြာအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာသူ/ ကျေးရွာသားများ ပူးပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ဖြစ်ပါသည်။ကနဦး အနေဖြင့်စီမံချက် ဖြစ်မြောက်ရေး အတွက် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေး နှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မိမိတို့ကျေးရွာအား ကျေးရွာ ဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်နိုင်ရန် ပူးပေါင်းညှိနှိုင်း ရွေးချယ်ပေးခဲ့ကြပါသော လွှတ်တော်ကိုယ်စားများ အသီးသီး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ နှင့် ကော်မတီဝင် များအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ ကျေးရွာနှင့်သက်ဆိုင်သည့် ဒေသန္တရ အရေးကြီး အချက်အလက်များ နှင့် အကြံဉာဏ်များကို တက်ကြွစွာ ကူညီပံ့ပိုးပေးကြပါသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်း များကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို အစီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိရှိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြသည့်နည်းလမ်းအတွက် ကူညီပံ့ပိုးပေးမည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မှ ဦးဆောင်၍ သင်တန်းပို့ချ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်း နှင့် သတင်း အချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့အပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း အချက်အလက်များ နှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ အကူအညီရယူရန် လိုအပ်ကြောင်း ကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။


ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(၁)တွင် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ နှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ အဓိကဖော်ပြထားပြီးအပိုင်း(၂)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာများဖြစ်ပြီး အဆိုပြုစီမံကိန်းလုပ်ငန်းများ၏ အသေးစိတ် အချက်အလက်များ ပါဝင်ပါသည်။


ကျေးရွာဖွံ့ဖြိုးရေးကော်မတီကျွက်ကျွန်းကျေးရွာ၊ ချောင်းဦးမြို့နယ်

၂၀၁၉ ခုနှစ်၊ ဧပြီ လ( )ရက်

ကျက်ကျန်းကျေးရွာ သယံဇာတပြမြေပုံနှင့် ရာသီခွင်ပြ ပြက္ခဒိန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်





အပိုင်း(၁) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ နှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများ

(က) နိဒါန်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ ပြည်တွင်းပြည်ပ အဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်ဖြစ်ကြောင်း သိရှိရပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာ ပါဝင်၍ ရေးဆွဲ ပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေး ဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထားမိသည့်အပြင် ကျေးရွာ အုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်း အချက်အလက် များရယူရန် နှင့် ဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာ များရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏လက်ရှိလူမှုစီးပွားရေး နှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေ ရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသော အချက်များ နှင့် အဟန့်အတား ဖြစ်စေသော အချက်များအပေါ် အခြေခံ၍ (၅)နှစ်တာ ကာလအတွင်း ဆောင်ရွက်လိုသည့် ရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေ နှင့် ဆောင်ရွက်မည့် စီမံချက်များကိုဖော်ထုတ်၍ အစိုးရ ဌာနများ၊ အစိုးရ မဟုတ်သောအဖွဲ့အစည်းများ အရပ်ဘက်လူမှုရေးအဖွဲ့အစည်းများ၊ သတင်း နှင့် ပြည်သူ့ ဆက်သွယ်ရေးအဖွဲ့အစည်းများတို့ကို ချိတ်ဆက်၍ ဆောင်ရွက်ရမည်ကို သိရှိနားလည်စေခဲ့ပါသည်။

(ခ) ရည်ရွယ်ချက်

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်ပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှု ရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်းဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

(ဂ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ကျွက်ကျွန်းကျေးရွာ၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေး အခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ ကျေးရွာ ဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံး ဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေး ရွေးချယ်ဆောင်ရွက်ရပါမည်။ ကျွန်ုပ်တို့စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုအပေါ် မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၁။ တည်နေရာနှင့် ပထဝီအနေအထား

ကျွက်ကျွန်းကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်အတွင်း အမြင့်-ရွှေဒါးကျလမ်းမကြီးဘေးတွင်တည်ရှိပြီး အုပ်ချုပ်ရေးရုံးစိုက်ရာ ချောင်းဦးမြို့နှင့် ဆက်သွယ် သွားလာရ လွယ်ကူပါသည်။ မြေပြန့်ဒေသတွင်တည်ရှိပြီး ချင်းတွင်းမြစ်ရေဝင်ဒေသဖြစ်၍ နုံးတင်မြေနုလယ်မြေများတွင် မြေအောက်ရေကို စိုက်ပျိုးရေအဖြစ်လွယ်ကူစွာအသုံးပြုနိုင်ပါသည်။

၂။ ရာသီဥတု နှင့် သဘာဝအရင်းအမြစ်များ

မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသဖြစ်ပါသည်။ တစ်နှစ်ပျှမ်းမျှမိုးရေချိန် လက်မ(၃၀) နှင့် လက်မ(၄၀) ကြားရှိပါသည်။ စိုက်ပျိုးမြေဧက (၁၇၄.၅၀)ဧက ခန့်ရှိပြီး ပြောင်းဖူး၊ကုလားပဲ၊ခရမ်းချဉ် ၊မြေပဲ ငရုတ် ၊နှင့်ပဲတီစိမ်း၊ပဲကြား သီးနှံများ အဓိက စိုက်ပျိုးပါသည်။သဘာဝပေါက်ပင်များမှာ တမာ၊မန်ကျည်း၊ကုက္ကိုလ်ပင်များ ပေါက်ရောက်ပါသည်။ သဘာဝ တိရစ္ဆာန်မျိုးစိတ် ရရှိနိုင်မှုနည်းပါးပြီး၊ အဓိကခိုင်းနွားနှင့် ကျွဲ များ အတွက် အစာများဖြစ်သည့် ပဲရိုး၊ မြက်တို့ကို လွယ်ကူစွာ ရရှိနိုင်၍ စားကျက်မြေ သီးသန့်မရှိပါ။ ဆေးဘက်ဝင်အပင်များမှာ သာမန်အတွေ့ရများသော အပင်များသာ ရှိပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှုအခြေအနေ

(က) လူဦးရေဆိုင်ရာအချက်အလက်များ

ကျေးရွာတွင် အိမ်ထောင်စုဝင်ပေါင်း(၁၀၅)ရှိပြီး၊ စုစုပေါင်းလူဦးရေ (၄၁၁)ဦး၊ ကျား(၁၈၈)ဦး၊မ(၂၂၃)ဦး မှီတင်းနေထိုင်ကြပါသည်။ ကျေးရွာရှိလူဦးရေတွင်အလုပ်လုပ်နိုင် သူအသက်(၁၅)နှစ်မှ(၆၄)နှစ်အတွင်း လူဦးရေ (၂၈၁)ဦးရှိပါသည်။

(ခ) စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင်လူမှုရေးဆိုင်ရာ အဖွဲ့အစည်း(၆)ဖွဲ့၊ ဘာသာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ(၂)ဖွဲ့ ရှိပါသည်။ ယင်းအဖွဲ့အစည်းများအနက်အမျိုးသမီးရေးရာအဖွဲ့နှင့် ကာလသားအဖွဲ့များမှကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများ လှုပ်ရှားဆောင်ရွက်မှုများရှိပြီး ကျေးရွာ၏ လူမှုရေး၊ ဘာသာရေးကိစ္စတို့တွင်လည်း ချက်ပြုတ် ကျွေးမွေးရေး လုပ်ငန်းများကို တာဝန်ခွဲဝေ ဆောင်ရွက်ကြသည်။ ၎င်းအပြင် လူငယ်အဖွဲ့အနေဖြင့် ကျေးရွာ၏ စိုက်ပျိုးရေး၊ စီးပွါးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ ချေးငွေရရှိရေး ဆောင်ရွက် ပေးခြင်း များရှိပြီး၊ ကျေးရွာသူ/ကျေးရွာသားများ မှာလည်း ညီညွတ်စွာပူးပေါင်းပါဝင် ဆောင်ရွက်လျက် ရှိကြပါသည်။

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) စီးပွားရေးအခြေအနေ

အဓိကဝင်ငွေရလုပ်ငန်းသည်စိုက်ပျိုးရေးလုပ်ငန်းဖြစ်ပြီး တစ်ရွာလုံး၏ ဝင်ငွေ အနေအထားမှာ သင့်တင့်ကောင်းမွန်ပါသည်။ ဥစ္စာဓနအဆင့်သတ်မှတ်ရာတွင် အိမ်ထောင်စု အားလုံး၏(၃၂)သည် အလွန်မပြေလည်သော အိမ်ထောင်စုများဖြစ်ကြပြီး၊(၃၃)သည် မပြေလည် သော အိမ်ထောင်စု(၂၅)သည် အလယ်အလတ် ရှိသော အိမ်ထောင်စု နှင့် (၁၅)သော အိမ်ထောင်စုသည် အဆင်ပြေသောအိမ်ထောင်စုများ ဖြစ်ကြပါသည်။ အလွန်မပြေလည်သော အိမ်ထောင်စုများသည် မြေယာမဲ့များဖြစ်ပြီး၊လက်လုပ်လက်စားများသာ ဖြစ်ကြသည်။

(ခ) စိုက်ပျိုးနိုင်သည့် မြေရိယာ

ကျေးရွာတွင် လယ်ယာမြေပိုင်ဆိုင်မအနေဖြင့်ကိုင်းကျွန်းမြေအမျိုးအစားဖြစ်ပြီး မြေအောက် ရေကို အဓိကထားစိုက်ပျိုးနိုင်မှုကြောင့်စိုက်ပျိုးရေးအန ထား အသင့်အတင့်ရှိပါသည်။ ကျေးရွာ တွင် စိုက်ပျိုးနိုင်သောကိုင်းကျွန်းမြေကေပေါင်း(၁၇၄.၅၀)ရှိပြီး ပြောင်းဖူး၊ကုလားပဲ၊ခရမ်းချဉ် ၊မြေပဲ ငရုတ် ၊နှင့်ပဲတီစိမ်း၊ပဲကြား သီးနှံများ စိုက်ပျိုးပါသည်။

(ဂ) အဓိကသီးနှံများနှင့် အထွက်နှုန်း

ကျေးရွာ၏ အဓိကသီးနှံများမှာ ပြောင်းဖူး၊ကုလားပဲ၊ခရမ်းချဉ် ၊မြေပဲ ငရုတ် ၊နှင့်ပဲတီစိမ်း၊ပဲကြား သီးနှံများ လုပ်ကိုင် ကြပါသည်။ အဓိက ပြောင်းဖူးမှာ တစ်ဧကလျှင်

အနည်းဆုံး(၇၅)တင်း၊ အများဆုံး (၁၀၀)တင်း နှင့် ပျမ်းမျှ (၉၀)တင်းထွက်ရှိသည်။ ကုလားပဲတစ်ဧကလျှင် အနည်းဆုံး(၁၇)တင်း၊ အများဆုံး (၂၅)တင်း နှင့် ပျမ်းမျှ (၂၀)တင်း ထွက်ရှိပါသည်။ခရမ်းချဉ်တစ်ဧကလျင် အနည်းဆုံး(၃၀၀၀)ပိဿာ၊ အများဆုံး(၆၀၀၀) ပိဿာ၊ပျမ်းမျှ(၄၀၀၀)ပိဿာထွက်ရှိပါသည်။ မြေပဲတစ်ဧကလျှင် အနည်းဆုံး(၆၀)တင်း၊ အများဆုံး(၈၅)တင်းနှင့် ပျမ်းမျှ(၇၀)တင်း ထွက်ရှိပါသည်။ ငရုတ်တစ်ဧကလျှင် အနည်းဆုံး (၁၅၀၀) ပိဿာ၊ အများဆုံး(၃၀၀၀) ပိဿာနှင့် ပျမ်းမျှ(၂၀၀၀) ပိဿာထွက်ရှိပါသည်။ ပဲတီစိမ်းတစ်ဧကလျှင် အနည်းဆုံး(၁၅)တင်း၊ အများဆုံး(၂၅)တင်းနှင့် ပျမ်းမျှ(၂၀)တင်း ထွက်ရှိပါသည်။ ပဲကြားတစ်ဧကလျှင် အနည်းဆုံး (၁၇)တင်း၊ အများဆုံး (၂၅)တင်းနှင့် ပျမ်းမျှ(၂၀)တင်းထွက်ရှိပါသည်။

(ဃ) မွေးမြူရေးနှင့် ငါးလုပ်ငန်းဆောင်ရွက်မှု အခြေအနေ

ကျေးရွာတွင် နို့စားနှင့် အသားစားကျွဲ/နွားမွေးမြူထားခြင်းမရှိပါသော်လည်းခိုင်းနွားအဖြစ် မွေးမြူသော အိမ်ထောင်စု(၃၄)ရှိပြီး ဝက်၊ကြက် တပိုင်တနိုင် မွေးမြူသောမိသားစု အနည်းငယ်မျှသာရှိပါသည်။ ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ခြင်း မရှိကြပါ။

(င) စိုက်ပျိုးမွေးမြူရေး မဟုတ်သော စီးပွါးရေးလုပ်ငန်းများ

ကျေးရွာတွင် အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်းမရှိပါ။ အခြားဝင်ငွေရလုပ်ငန်းများအဖြစ် စိုက်ပျိုးရေး နေ့စားလုပ်သားများ၊ပန်းရံလုပ်သားများနှင့် အစိုးရဝန်ထမ်းတို့ ဖြစ်ကြသည်။ ပညာရေး(၇)ဦးရှိပြီး ရပ်တည် နိုင်မှုအခြေအနေဖြင့် အလယ်အလတ်အဆင့်တွင်ရှိပါသည်။

၅။ အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(က) ကုန်စည်နှင့်ဝန်ဆောင်မှုစျေးကွက် လက်လှမ်းမီမှုအခြေအနေ

ကျေးရွာသည် အမြင့်-ရွှေဒါးကျလမ်းဘေးတွင် တည်ရှိပြီး လမ်းပန်း ဆက်သွယ်ရေး အသင့်အတင့် ကောင်းမွန်ပါသည်။ကျွဲက်ကျွန်းကျေးရွာ နှင့် အနီးဆုံးစျေးမှာ(၄)မိုင်ခန့်ဝေးသည့် အမြင့်စျေး ဖြစ်ပြီးစားသောက်ကုန်အတွက် အလွယ်တကူနှင့်ဝယ်ယူရရှိနိုင်ပါသည်။(၈)မိုင်ခန့်ကွာဝေးသော ချောင်းဦး စျေးသို့လည်း သွားရောက်ဝယ်ယူနိုင်ပါသည်။ အကြီးစား စျေးကွက်ဖြစ်သည့် မုံရွာစျေးသို့ လွယ်ကူစွာ သွားလာနိုင်ပါသဖြင့် စျေးကွက် ဝန်ဆောင်မှု ကောင်းမွန်ပါသည်။

(ခ) လမ်း၊တံတား၊သယ်ယူပို့ဆောင်ရေး၊လျှပ်စစ်မီး၊ဆက်သွယ်ရေးနှင့်သတင်း

ကျေးရွာ၏ ရွာတွင်းလမ်းများမှာ မြေသားလမ်းများဖြစ်ပြီး၊ မိုးရာသီတွင် သွားလာရ ခက်ခဲပါသဖြင့် လမ်းအဆင့်မြှင့်တင်ရန် လိုအပ်နေပါသည်။ လမ်းပန်းဆက်သွယ်ရေးအတွက် စက်ဘီး (၃၄)စီး၊ မော်တော် ဆိုင်ကယ်(၉၂)စီး၊ထော်လာကျီ(၁)စီး၊လှေ(၅၂)စီး နှင့် နွားလှည်း(၁၉)စီး အသုံးပြုလျှက် ရှိပါသည်။

လျှပ်စစ်မီး သွယ်တန်းပြီးကာစဖြစ်၍ ကျေးရွာရှိအိမ်ထောင်စုများအနေဖြင့် လျှပ်စစ်မီး အသုံးပြုနိုင်မှု မရှိသေးပါ။ တစ်အိမ်သုံးဆိုလာစနစ်အသုံးပြုသော အိမ်ထောင်စု(၇၆) စုရှိပြီး၊ ဒီဇယ်အင်ဂျင်အသုံးပြုနိုင်သော အိမ်ထောင်စု(၁)စုရှိပါသည်။ အခြားအမျိုးအမည်မဖော်ပြ နိုင်သော၊ဓာတ်ခဲအသုံးပြုသော အိမ်ထောင်စု(၂၈)စု ရှိပါသည်။ ကျေးရွာရှိ အိမ်တိုင်းသည် လက်ကိုင်ဖုန်းများ အသုံးပြုနေ ကြပြီးဖြစ်ပါသည်။ အင်တာနက် အသုံးပြုနိုင်မှုရှိပြီးအခြားသတင်း အချက်အလက်များအတွက် ရေဒီယို၊ တီဗွီ၊ စလောင်းများ တပ်ဆင်ထား သဖြင့် ဆက်သွယ်ရေး ကောင်းမွန် ပါသည်။

၆။ ပညာရေး

ကျေးရွာတွင် မူလတန်းကျောင်းသားပေါင်း(၃၀)ဦး၊ အလယ်တန်း ကျောင်းသားပေါင်း (၁၉)ဦး၊ အထက် တန်း ကျောင်းသား(၁၄)ဦးနှင့်တက္ကသိုလ်၊ ကောလိပ်ကျောင်းသား(၁၀)ဦး ရှိပြီး၊မူလတန်း ကျောင်းသား /သူ များမှာ ကျေးရွာရှိ မူလတန်းကျောင်းတွင်တက်ရောက်ပြီး အလယ်တန်းနှင့် အထက်တန်း ကျောင်း/သူများမှာ အမြင့်နှင့်ချောင်းဦးမြို့သို့သွားရောက် တက်ရောက်ကြပါသည်။

ကျေးရွာတွင် မူလတန်းကျောင်းဆောင်(၆၀'×၃၀')(၁)ဆောင်ရှိပြီး အရည်အသွေးအသင့်အတင့် ကောင်းမွန်ပါသည်။ကျောင်းတွင်ဆရာ/ဆရာမစုစုပေါင်း(၄)ဦးရှိပြီးအင်အားလုံလောက်မှုရှိပါသည်။ ကျောင်းတွင်အားကစားဆိုင်ရာပစ္စည်းများလက်လှမ်းမှီမှုနည်းပါးပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျွက်ကျွန်းကျေးရွာအနေဖြင့် ရာသီအလိုက်ဖြစ်ပေါ်တတ်သော ဝမ်းပျက်ဝမ်းလျော ရောဂါ၊ သွေးလွန် တုပ်ကွေး ရောဂါများ ဖြစ်ပွားတတ်ပြီး၊ အသက်(၄၀)ကျော် လူကြီးများမှာ သွေးတိုးရောဂါ ဖြစ်ပွားမှု များပါသည်။ အခြား ရောဂါများ ဖြစ်သော အသက်ရှူလမ်းကြောင်းကူးစက်ရောဂါ အသည်းရောဂါ (ဘီ၊စီ)၊ HIV,AIDS ရောဂါများ၊ အခြားကူးစက်ရောဂါများ မတွေ့ရှိရပါ။

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲမရှိပါ။ကျန်းမာရေးမကောင်းမွန်ပါက အနီးရှိအမြင့် တိုက်နယ် ဆေးရုံနှင့် ချောင်းမနားကျေးရွာဆေးပေးခန်းများသို့ သွားရောက်ကုသကြပါသည်။ ကိုယ်ဝန်ဆောင် မိခင် များနှင့်ကလေးများအတွက် လစဉ် ပုံမှန် ကာကွယ်ဆေး ထိုးနှံပေး လျက်ရှိသည်။ အရေးပေါ်အခြေအနေဖြစ်ပေါ်ပါက ချောင်းဦးမြို့ ဆေးရုံသို့ သွား ရောက် ကုသကြပါသည်။

သောက်သုံးရေအတွက် မြေအောက်ရေ၊ အဝီစိစက်တပ်၊ တုံကင်တွင်းများ၊ မိုးရေလှောင် ကန်များ အသုံးပြု ကြပါသည်။ဝါဆိုဝါခေါင်ရေကြီးတတ်သောလများတွင် သောက်သုံးရေ အရင်းအမြစ်များသို့မကောင်းသော ရေဆိုးများ ဝင်ရောက်ခြင်းကြောင့် သောက်သုံးရေ ခက်ခဲ မှုရှိပါသည်။ ကျေးရွာတွင်အဝီစိတွင်းစက်တပ်များမှ အဓိက သောက်သုံးရေအဖြစ် အသုံးပြု ကြသည်။

ကျေးရွာတွင် အိမ်ထောင်စု(၁၀၅)စုရှိပြီး၊ ယင်လုံအိမ်သာ(၇၅)လုံး ရှိပါသည်။အိမ်းထောင်စု (၃၀)မှာ အတူနေမိဘများအိမ်တွင်အတူသုံးစွဲကြသည်။ တစ်ရွာလုံးယင်လုံအိမ်သာ သုံးစွဲမှုကြောင့် ကူးစက်ရောဂါ ဖြစ်ပွားမှု နည်းပါးသည်။ စာသင်ကျောင်းတွင်လည်း ယင်လုံအိမ်သာများရှိ သဖြင့် ကျောင်းသူ/သား များအတွက်အသုံးပြုရန်လွယ်ကူပါသည်။

၈။ ဘေးအန္တရာယ်ထိခိုက်မှုများနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံမှုမှာ အသင့်အတင့်အနေအထားတွင်တွေ့ရှိရပါသည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုမှာ (၃၂)စုရှိပြီး ရာသီအလိုက် စိုက်ပျိုးရေးလုပ်ငန်းများတွင် စိုက်ပျိုးရေး လုပ်သားအဖြစ်အဓိကဝင်ရောက် လုပ်ကိုင်ကြ ပါသည်။ အကြွေးတင်ရှိမှုရှိသော အိမ်ထောင်စု အချို့ရှိပြီး ချေးငွေ အများစုကို NGO အဖွဲ့အစည်းများမှ ထုတ်ချေးကြပါသည်။ တောင်သူများမှာလည်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်နှင့် သမဝါယမ အသင်းတို့မှ ချေးငွေများချေးယူကြပါသည်။ ချေးငွေများကို စားသုံးရန်၊ ကျန်းမာရေး၊ ပညာရေးနှင့် စိုက်ပျိုးရေး စရိတ်တို့ အတွက် အသုံးပြုကြပါသည်။

မိုးများသောနှစ်များတွင် ချင်းတွင်းမြစ်ရေကြီးပြီးသီးနှံများပျက်စီးဆုံးရှုံးမှုများတွေ့ရပါသည်။ အချို့နှစ် များတွင် ရာသီဥတုဖောက်ပြန်မှုကြောင့်လည်း မိုးခေါင်ခြင်းများ ကြုံတွေ့ရပါသည်။ စိုက်ပျိုးမြေ မြေဆီလွှာပျက်စီးမှုနည်းပါးပါသည်။စိုက်ပျိုးပင်မျိုးစိတ်များကိုအလွယ်တကူ ဝယ်ယူ ရရှိနိုင်ပြီးစိုက်ပျိုးရေးရရှိမှုမှာမြေအောက်ရေမှ အလွယ်တကူ ဝယ်ယူရရှိပါသည်။ စိုက်ပျိုးရေးရှိမှုမှာ

မြေအောက်ရေမှအလွယ်တကူ ရရှိပါသည်။သောက်သုံးရေမှာဝါဆို၊ဝါခေါင်၊တော်သလင်းလများတွင် မြစ်ရေဝင်ရောက်တတ်သောကြောင့် သောက်သုံးရေခက်ခဲမှုရှိပါသည်။တိရိစ္ဆာန်များတွင် ကူးစက် ရောဂါကျရောက်မှုအခြေအနေမှာ ကဆုန်၊ နယုန်လ များတွင် တွေ့ရှိရပါသည်။ သစ်တော ပြုန်းတီးခြင်းအသင့်အတင့်ဖြစ်ပေါ်လေ့ရှိပါသည်.

၉။ ကျား-မ ရေးရာ

ကျွက်ကျွန်းကျေးရွာတွင် ကျား-မရေးရာဆက်နွယ်မှု အနေအထားမှာ ခွဲခြားဆက်ဆံမှုမရှိပါ။ ကျား-မ ဆိုင်ရာ တာဝန်ယူမှုများကို သတ်မှတ်ထားကြပြီး ကျား-မ အကြား ပြင်းထန်သော အိမ်တွင်း အကြမ်းဖက်မှု ကိစ္စများ မရှိပါ။ ပညာရေးနှင့် အခြားနယ်ပယ်များတွင်လည်း အခွင့်အရေး တန်းတူညီစွာ ရရှိပြီး အုပ်ချုပ်ရေး အဖွဲ့အစည်းများတွင် အမျိုးသမီးပါဝင်မှုလျော့နည်းသော်လည်း အခြားလူမှုရေးအသင်းအဖွဲ့များတွင်အမျိုးသမီး များ ပါဝင်လုပ်ကိုင်ကြပါသည်။ ကျား-မ တန်းတူ ညီမှုနှင့်ပတ်သတ်၍ အသိပညာပေးခြင်းများကို မြင့်တင် ဆောင်ရွက်ပေးခြင်းအားဖြင့် ကျား-မတန်းတူ ညီမျှမှု ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်စေနိုင်ပါသည်။

၁၀။ ဦးစားပေးဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

(က) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှ ကျေးရွာတွင် ဆောင်ရွက် သင့်သည့် လုပ်ငန်း ခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသူ/သားအုပ်စု (၅) စု၊ (က)ရပ်မိရပ်ဖအုပ်စု၊(ခ)တောင်သူအုပ်စု၊ (ဂ)စိုက်ပျိုးမွေးမြူရေး မဟုတ်သောအုပ်စု၊ (ဃ)အမျိုးသမီး အုပ်စု၊(င)လူငယ်အုပ်စု စသည့်အုပ်စု(၅)စုမှ စီမံချက်များကို အမှတ်ပေးကြပါသည်။ အချို့သော စီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ၊ အသေးစိတ် အထောက်အပံ့များကို မြို့နယ်အဆင့် အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦးစားပေးစီမံချက်များမှာ –

စီမံချက်	အကဲဖြတ်	အကဲဖြတ်	အကဲဖြ	အကဲဖြ	အကဲဖြ	ရမှတ်	ဦးစား

	အမှတ်ပေးသူ (၁)	အမှတ်ပေးသူ (၂)	တ်အမှတ်ပေးသူ (၃)	တ်အမှတ်ပေးသူ (၄)	တ်အမှတ်ပေးသူ (၅)	ပေါင်း	ပေးအဆင့်
၁။ကျေးရွာရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း	၁၀	၁၀	၁၀	၁၀	၉	၄၉	၁
၂။ လျှပ်စစ်မီးရရှိရေး	၁၀	၁၀	၈	၉	၉	၄၆	၂
၃။KG ကျောင်းဆောင်အမြင့်	၁၀	၉	၉	၈	၁၀	၄၆	၂
၄။ရွာအဝင်လမ်းကွန်ကရစ်လမ်းခင်းခြင်း	၁၀	၈	၁၀	၉	၇	၄၄	၃
၅။ရွာအဝင်လမ်းချိုင့်နေရာရေကျော်ပြုလုပ်ခြင်း	၈	၈	၁၀	၇	၉	၄၄	၃
၆။ ကျေးရွာ Store ခန်းအဆောက်အဦး အမြင့်	၉	၈	၉	၇	၇	၄၀	၄
၇။ရေဆိုးထုတ်မြောင်း	၈	၉	၈	၇	၈	၄၀	၄

၈။စာကြည့်တိုက်	၈	၉	၇	၅	၈	၃၇	၅
၉။ဆေးပေးခန်း	၈	၉	၈	၇	၅	၃၇	၅

ချောင်းမနားကျေးရွာအုပ်စု၊ ကျွက်ကျွန်းကျေးရွာ အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန်ခန့်မှန်းဖော်ပြထားသည့်ဦးစားပေး စီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်-

စီမံကိန်း	**ဦးစားပေးအဆင့်**	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
၁။ကျေးရွာရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း	၁	✔	✔	-	-	-
၂။ လျှပ်စစ်မီးရရှိရေး	၂	-	✔	-	-	-
၃။ KG ကျောင်းဆောင် အမြင့်	၃	-	✔	-	-	-
၄။ရွာအဝင်လမ်း ကွန်ကရစ်လမ်းခင်းခြင်း	၃	-	-	✔	-	-
၅။ရွာအဝင်လမ်းချိုင့်နေရာရေကျော်ပြုလုပ်ခြင်း	၃	-	-	✔	-	-
၆။ ကျေးရွာ Store ခန်းအဆောက်အဦး:အမြင့်	၄	-	-	-	✔	-
၇။ရေဆိုးထုတ်မြောင်း	၄	-	-	-	✔	-

၈။စာကြည့်တိုက်	၅	-	-	-	-	✔
၉။ဆေးပေးခန်း	၅	-	-	-	-	✔

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ ချောင်းမနားကျေးရွာအုပ်စု၊ကျွဲက်ကျွန်းကျေးရွာ
ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

နောက်ဆက်တွဲ (၃)

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်း များ	အဟန့်အတားနှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	KG	ကျေးရွာရှိ မူလတန်းကျောင်း	ကျေးရွာသူ / သား	ကျေးရွာတွင်	KG ကျောင်းဆောင် အမြင့်ဆောက်လုပ်ခြင်း	KG ကျောင်းဆောင် အမြင့်ဆောက်လုပ်
	ကျောင်းဆောင်သီးသန့်မရှိ	တွင်ကျောင်းဆောင်(၁)ဆောင်သာရှိ၍ သင်ကြားရေးတွင်အခက်	များစုပေါင်း၍လုပ်ငန်း	လုံလောက်ေ		ခြင်း
	ခြင်း	အခဲဖြစ်ခြင်း	အတွက် လိုအပ်သော	မတည်ရန်ပုံငွေ		
			လုပ်အားနှင့်ငွေကြေး	မရှိခြင်း။		
			ပူးပေါင်းပါဝင်			
			ဆောင်ရွက်နိုင်ခြင်း။			
၂	ကျေးရွာအဝင်	ကျေးရွာရှိလမ်းများသည်မိုးရ	ကျေးရွာသား/သူများ	ကျေးရွာတွင်	ကျေးရွာအဝင်လမ်းအား	ကျေးရွာအဝင်လမ်း

	လမ်းကွန်ကရစ်	ာသီနှင့်မြစ်ရေကျပြီးစအချိန်	်း		ြေသးလမ်းမှကွန်ကရစ်လမ်း	ကွန်ကရစ်
	ခင်းခြင်း	များတွင်ရှဲ့ဗွက်များ ထူပြော၍ ရွာသူ/သားများနှင့်	စုပေါင်း၍ လုပ်ငန်းအ	လုံလောက်ေ ော	အဖြစ်ဆောင်ရွက်ခြင်း	ခင်းခြင်း
		ကျောင်းသား/သူများသွားလာ ရ	တွက်လိုအပ်သောလုပ်	မတည်ရန်ပုံငွေ		
		ခက်ခဲခြင်း	အားနှင့်ငွေကြေးပူး	မရှိခြင်း။		
			ပေါင်းပါဝင်ဆောင်ရွ က်			
			နိုင်ခြင်း			

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ ချောင်းဦးမြို့နယ်၊ ချောင်းမနားကျေးရွာအုပ်စု၊ကျွက်ကျွန်းကျေးရွာ
ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

နောက်ဆက်တွဲ (၃)

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတား နှင့် စိန်ခေါ်မှုများ	ဖြေရှင်းမည့် နည်းလမ်းများ	အဆိုပြုစီမံချက် နှင့် လုပ်ငန်းများ
၃	ကျေးရွာ ရွာတွင်းလမ်း	ကျေးရွာရှိလမ်းများသည်မိုး	ကျေးရွာသူ၊ ကျေးရွာ	မတည်ရန်ပုံငွေ	ကျေးရွာရှိလမ်းမျ ား	ကျေးရွာရှိလမ်းများ
	မကောင်းခြင်း	ရာသီနှင့်မြစ်ရေကျပြီးသား	သားများ စုပူးပေါင်း	မရှိခြင်း။	အားမြေသားလမ် းမှ	
		အချိန်များတွင်ရွံ့ဗွက်များ ထူ	လုပ်ငန်းအတွက်လို		ကွန်ကရစ်လမ်း အ	ကွန်ကရစ်လမ်း ခင်းခြင်း။ ၂×(၁၃၀၀'×၃'×၆")
		ပြော၍ ရွာသူ/သားများနှင့်	အပ်သောလုပ်အား နှင့်ငွေကြေးပူးပေါင်း		ဖြစ်ဆောင်ရွက်ခြ င်း	
		ကျောင်းသား/သူများသွား လာရခက်ခဲခြင်း	ပါဝင်ဆောင်ရွက်နိုင် ခြင်း			

၄	လျှပ်စစ်မီးမရှိခြင်း	အခြားအနီးအနားရှိကျေးရွာ	ကျေးရွာသူ /သားများ	ကျေးရွာတွင်	လျှပ်စစ်မီးသွယ်	လျှပ်စစ်မီးသွယ်
	ကြောင့်လူနေမှု	များလျှပ်စစ်မီးသွယ်တန်းပြီး	စုပေါင်း၍လုပ်ငန်းအ	လုံလောက်သော	တန်းခြင်း	တန်းခြင်း
	အဆင့်အတန်းနိမ့်	ဖြစ်ပြီးမိမိတို့ကျေးရွာအနေ	တွက်လိုအပ်သောလု	မတည်ရန်ပုံငွေ		
	ကျခြင်း	ဖြင့်ကျောင်းသာ/သူများစာ ကြည့်ရာတွင့်လည်း ကောင်း၊ချက်ပြုတ်ရာတွင် လည်းကောင်းနှောင့်နှေး ကြန့်ကြာမှုဖြစ်ခြင်း	အားနှင့်ငွေကြေးပူးေ ေပါင်းပါဝင်ဆောင်ရွ က်နိုင်ခြင်း	မရှိခြင်း။		
၅	ရွာအဝင်လမ်းချိုင့်နေရာ ရေကျော်ကြောင့်သွားလ ာရခက်ခဲခြင်း	ရေကျော်ကြောင့်ကျေးရွာ သူ/သားများမိုးရာသီတွင် သွားလာရခက်ခဲခြင်း၊ကား များအဝင်အထွက်ခက်ခဲခြ င်း	ကျေးရွာသူ /သားများ စုပေါင်း၍လုပ်ငန်းအ တွက်လိုအပ်သောလု ပ အားနှင့်ငွေကြေးပူးေ ေပါင်းပါဝင်ဆောင်ရွ က်နိုင်ခြင်း	လုံလောက်သော မတည်ရန်ပုံငွေ မရှိခြင်း။	ရေကျော်နေရာပြု ပြင်ခြင်း	ရေကျော်နေရာပြုပြ င် ခြင်း၊ရေပြွန်တပ်ဆင် ခြင်း
၆	ကျေးရွာပိုင်ပစ္စည်းများ ထားရှိရန်နေရာခက်ခဲခြ င်း	ကျေးရွာတွင်မြစ်ရေဝင်အရ ပ်ဖြစ်သောကြောင့်ကျေးရွာ ပိုင်ပရိဘောဂပစ္စည်းများန	ကျေးရွာသူ/သားများ စုပေါင်း၍လုပ်ငန်းအ တွက်လိုအပ်သောလု	လုံလောက်သော မတည်ရန်ပုံငွေ မရှိခြင်း။	ကျေးရွာဂိုဒေါင် အမြင့်တည် ဆောက်ခြင်း	ကျေးရွာဂိုဒေါင် အမြင့်တည်ဆောက် ခြင်း

		့်အိုးခွက်ပန်းကန်များရေြ ြီးချိန်တွင်ထားရှိရန်နေရာ ခက်ခဲ ခြင်း	ပ်အားဆောင်ရွက်နိုင်ြ ြင်း၊မြေနေရာရှိခြင်း			
၇	ကျေးရွာသူ/သားများအ သိပညာနည်းပါးခြင်း	ကျေးရွာတွင်စာပေဗဟုသု တလေ့လာရန်စာကြည့်တို က်မရှိခြင်းကြောင့်ရွာသူ/ သားများားအသိပညာနည် းပါးခြင်း	ကျေးရွာသူ/သားများ စုပေါင်း၍လုပ်ငန်းအ တွက်လိုအပ်သောလု ပ်အားနှင့်ငွေကြေးပူး ပေါင်းပါဝင်မှုဆောင်ရွ က်နိုင်ခြင်း	လုံလောက်သော မတည်ရန်ပုံငွေ မရှိခြင်း။	စာကြည့်တိုက်တ ည်ဆောက်ခြင်း	စာကြည့်တိုက်တည် ဆောက်ခြင်း
၈	ပတ်ဝန်းကျင်မသန့်ရှင်းြ ြင်း	ကျေးရွာတွင်ချိုးရေနှင့်သုံး ရေများစီးဆင်းရန်ရေဆိုး ထုတ်မြောင်းမရှိခြင်း	ကျေးရွာသူ/သားများ စုပေါင်း၍လုပ်ငန်းအ တွက်လိုအပ်သောလု ပ်အားဆောင်ရွက်နိုင်ြ ြင်း	လုံလောက်သော မတည်ရန်ပုံငွေ မရှိခြင်း။	ရေဆိုးထုတ်မြော င်းတူးဖော်ခြင်း	ရေဆိုးထုတ်မြောင်း တူးဖော်ခြင်
၉	ကျေးရွာတွင်ကျန်းမာရေ ်းအရေးပေါ်အခြေအ ေြဖစ်ပေါ်ပါကသွားလ ာရရှက်ခဲခြင်း	ကျန်းမာရေးကားသီးသန့်မ ရှိခြင်းကြောင့်မြို့နယ်ဆေး ရုံသို့အချိန်မှီကု သရန်နှောင့်နှေးခြင်း	ငွေကြေးအချို့ပါဝင်နို င်ခြင်း	လုံလောက်သော မတည်ရန်ပုံငွေ မရှိခြင်း။	ကျန်းမာရေးကား ထူထောင်ခြင်း	ကျန်းမာရေးကားထူ ထောင်ခြင်း

နောက်ဆက်တွဲ(၃)

စီမံချက်အဆိုပြုလွှာ(သို့)စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ	- ကျွဲကျွန်းကျေးရွာ
ကျေးရွာအုပ်စု	- ချောင်းမနားကျေးရွာအုပ်စု
မြို့နယ်	- ချောင်းဦးမြို့နယ်
တိုင်းဒေသကြီး/ပြည်နယ်	- စစ်ကိုင်းတိုင်းဒေသကြီး
စီမံချက်အမည် - ကျေးရွာ ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း ၂×(၁၃၀၀'×၃'×၆")	
စီမံချက်ဆောင်ရွက်ရန်လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက်(သို့)လက်ရှိအခြေအနေ - လက်ရှိကျေးရွာ ရွာတွင်းလမ်းမှာ မြေသားလမ်းဖြစ်ပါသည်။ - မိုးရာသီတွင် ရွံ့စေးရွံ့ဗွက်များကြောင့် သွားလာရေးခက်ခဲနေပါသည်။ - မိုးရာသီတွင် ပညာသင်ကြားနေကြသော ကျောင်းသားသူများ၏ ကျောင်းသွားရာတွင် ခက်ခဲခြင်း၊ - ကျန်းမာရေးအတွက် ကျန်းမာရေးစောင့်ရှောက်မှုယာဉ်များ ခက်ခဲစွာ ဝင်ထွက်သွားလာနေရခြင်း။ - မိုးရာသီတွင် စိုက်ပျိုးသီးနှံများသယ်ယူပို့ဆောင်ရာ၌ ကား/ထော်လာကျီများ သွားလာရာတွင် ခက်ခဲနေပါသည်။	
စီမံချက်ရည်ရွယ်ချက်(လက်ရှိအခြေအနေအားပိုကောင်းအောင်ဆောင်ရွက်လိုသည့်ဆန္ဒဖော်ပြရန်) - မိုးရာသီတွင်သာမက ရာသီမရွေး ကျေးရွာတွင်းသွားလာရလွယ်ကူစေရန်။ - မိုးရာသီတွင်လည်း စိုက်ပျိုးသီးနှံများအားစျေးကွက်သို့အချိန်မီသယ်ယူရောင်းချနိုင်မည်ဖြစ်၍ သီးနှံစျေးကွက်နောက်ကျခြင်းများမရှိစေရန်။ - ပညာသင်ကြားနေကြသောကျောင်းသားသူများ၏ကျောင်းသွားရာတွင် အခက်အခဲများမရှိစေခြင်းဖြင့် ပညာရေးနှောင့်နှေးမှုမရှိစေရန်။ - ကျန်းမာရေးစောင့်ရှောက်မှုယာဉ်များ ရာသီမရွေးသွားလာနိုင်ရန်။	

မျှော်မှန်းအကျိုးရလဒ်(လက်ငင်းရည်ရွယ်ချက်ရောက်ရှိပြီးနောက်ထပ်ဆင့်ရရှိရလာမည့်အကျိုးကျေးဇူးများ) - လမ်းပန်းဆက်သွယ်ရေး အဆင်ပြေချောမွေ့လာမည်ဖြစ်ပါသဖြင့် ကျေးရွာဖွံ့ဖြိုးရေးကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။
စီမံချက်ဆိုင်ရာအချက်အလက်ဖော်ပြခြင်း(ဘာလုပ်မည်၊ ဘယ်လောက်ပမာဏလုပ်ရမည်) - ကျေးရွာ ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း ၂×(၁၃၀၀'×၃'×၆")ဆောင်ရွက်ပါမည်။ - လုပ်ငန်းခန့်မှန်းကုန်ကျငွေ ငွေကျပ်(၁၂၆၀၀၀၀၀/-)ဖြစ်ပါသည်။

စီမံချက်ကုန်ကျစရိတ်ထည့်ဝင်မှု	
ခန့်မှန်းကုန်ကျစရိတ်(ကျပ်)	**ထည့်ဝင်မည့်အစီအစဉ်**
• ၁၀၀၀၀၀၀၀/- (ငွေသား) • ၂၆၀၀၀၀၀/- (ငွေသား) • (ပစ္စည်း/လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

အကျိုးခံစားသူဦးရေ	**လူဦးရေ**			**ဆင်းရဲချမ်းသာမှုအဆင့်အတန်း(အိမ်ခြေ)**				
	ကျား	**မ**	**ပေါင်း**	**၁**	**၂**	**၃**	**၄**	**ပေါင်း**
ကျေးရွာအဆင့်	၁၈၈	၂၂၃	**၄၁၁**	၁၅	၂၅	၃၃	၃၂	**၁၀၅**
အကျိုးခံစားမည့်သူဦးရေ	၁၈၈	၂၂၃	**၄၁၁**	၁၅	၂၅	၃၃	၃၂	**၁၀၅**
မှတ်ချက်။ ချောင်လည်အဆင့်-၁၊ အလယ်အလတ်အဆင့်-၂၊ဆင်းရဲ-၃၊အလွန်ဆင်းရဲ-၄								

စီမံချက်အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ

(၁)တာဝန်ယူအကောင်အထည်ဖော်မည့် အဖွဲ့အစည်း(များ)

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ နှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

(၂)စီမံချက်စတင်မည့်အချိန် ခန့်မှန်း - ၂၀၁၉ခုနှစ် ၊ မတ် လ

(၃)စီမံချက်ပြီးစီးမည့်အချိန် - ၂၀၁၉ခုနှစ် ၊ မေ လ

(၄)ကျေးရွာထည့်ဝင်မှုရရှိအောင်ဆောင်ရွက်မည့်အစီအစဉ် -

ရွာတွင်းလမ်းကွန်ကရစ်ခင်းခြင်း ၂×(၁၃၀၀'×၃'×၆") လုပ်ငန်းအတွက် ခန့်မှန်းကုန်ကျငွေ (၁၂၆၀၀၀၀၀/-) တွင် ကျေးရွာပြည်သူလူထုမှ ငွေကျပ်(၂၆၀၀၀၀၀/-) ပူးပေါင်းပါဝင် ဆောင်ရွက်ပါမည်။

(၅)လုပ်ငန်းလည်ပတ်ရေး၊ပြုပြင်ထိန်းသိမ်းရေးတို့အတွက်အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာ အစီအစဉ်များ

- ကျေးရွာလူထု အစည်းအဝေးခေါ်ယူပြီးနောက် ကျေးရွာလိုအပ်ချက်များဆွေးနွေးတိုင်ပင်၍ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များရေးဆွဲပါမည်။
- ကွန်ကရစ်လမ်းရေရှည်တည်တံ့ခိုင်မြဲရေးအတွက်လမ်းအသုံးပြုခြင်းဆိုင်ရာစည်းမျဉ်းစည်းကမ်း ညွှန်ကြားချက်များ ထုတ်ပြန်ပါမည်။
- စီမံကိန်းပြီးလျှင်ပြီးချင်း သက်ဆိုင်ရာဦးစီးဌာနထံသို့ အထောက်အထားများနှင့်အတူတကွ ပြီးစီးကြောင်း အစီရင်ခံပါမည်။

ကျွဲက်ကျွန်းကျေးရွာ၊ချောင်းမနားကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးအုန်းလှိုင်	ဦးအောင်သန်း	၅/ခဥတ(နိုင်)၀၀၀၀၁၁	၅၄	ဥက္ကဋ္ဌ	-
၂	ဦးသန့်ဇင်ထိုက်	ဦးသိန်းဝင်း	၅/ခဥတ(နိုင်)၀၇၈၂၄၇	၃၃	အတွင်းရေးမှူး	-
၃	ဦးအောင်ဇေယျ	ဦးဝင်းမောင်	၅/ခဥတ(နိုင်)၁၀၃၀၃၁	၂၃	ဘဏ္ဍာရေးမှူး	-
၄	ဦးမင်းသိန်း	ဦးအုန်းညွန့်	၅/မမန(နိုင်)၀၇၅၂၆၁	၄၂	စာရင်းကိုင်	-
၅	ဒေါ်လေးနွယ်	ဦးပေါ်ညွန့်	-	၄၂	သော့ကိုင်(၁)	-
၆	ဒေါ်စိန်းနွယ်ဦး	ဦးအောင်မြင့်	-	၃၇	သော့ကိုင်(၂)	-
၇	ဒေါ်ခင်သက်ဝေ	ဦးကြည်သိန်း	၅/ခဥတ(နိုင်)၀၃၁၂၃၀	၃၉	အဖွဲ့ဝင်	-
၈	ဒေါ်စန်းသူ	ဦးတင်ဌေး	၅/ခဥတ(နိုင်)၁၀၂၀၉၀	၄၀	အဖွဲ့ဝင်	-
၉	ဦးရွှေမြ	ဦးအောင်တိုး	၅/ခဥတ(နိုင်)၀၃၀၇၁၅	၆၀	အဖွဲ့ဝင်	-

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) ချောင်းဦးမြို့နယ်၊ ကျွက်ကျွန်းကျေးရွာ၏လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၅	၄	၉
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၆	၁၇	၂၃
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၅	၂၀	၃၅
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၃	၁၆	၂၉
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၃၃	၁၄၈	၂၈၁
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁၆	၁၈	၃၄
စုစုပေါင်း		**၁၈၈**	**၂၂၃**	**၄၁၁**
စုစုပေါင်း အိမ်ထောင်စု		**၁၀၅**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ကျေးရွာတွင်လူဦးရေစုစုပေါင်း (၄၁၁)ဦးရှိရာ လူဦးရေ (၂၈၁)ဦးမှာ အလုပ်လုပ်ကိုင်နိုင်ကြပြီး၊ လူဦးရေ(၆၄)ဦးမှာ ကျောင်းနေအရွယ် ဖြစ်ကြပြီး၊ ကျန်သော လူဦးရေ(၆၆)ဦးမှာ အလုပ်မလုပ်ကိုင်နိုင်သော သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များ ဖြစ်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၇၂	၁၅၄	-	မြင့် ☐ လတ်✔ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၃၃	၇၃	-	မြင့် ☐ လတ်☐ နိမ့် ✔
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၄၅	၄၅	-	မြင့် ☐ လတ်✔ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
					နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	-	မြင့် ☐ လတ်✔ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၃	၃	-	မြင့် ☐ လတ်☐ နိမ့် ☐
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၄	၄	-	မြင့် ☐ လတ်☐ နိမ့် ✔
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၅	၆	-	မြင့် ☐ လတ်✔ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၁	၁	-	မြင့် ☐ လတ်✔ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	-	-	-	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်)

အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ –**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်ကြပြီး ကိုယ်ပိုင်လုပ်ကိုင် နိုင်သော အိမ်ထောင်စု(၇၂)စုရှိပြီး၊ စိုက်ပျိုးရေးလုပ်သား လုပ်ကိုင်သော အိမ်ထောင်စု(၃၃)စုရှိပါသည်။အခြားဝင်ငွေရလုပ်ငန်းများအနေဖြင့်ပန်းရံလုပ်ကိုင်သော အိမ်ထောင်စု (၄)စု၊ အလှပြင်လုပ်ငန်းလုပ်ကိုင်သော အိမ်ထောင်စု(၄)စုနှင့်ပညာရေးဝန်ထမ်း(၆)ဦးနှင့် ကျန်းမာရေး ဝန်ထမ်း(၁)ဦးရှိပါသည်။

(ခ–၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား(၃)ချောင်းဦးမြို့နယ်၊ ကျွက်ကျွန်းကျေးရွာ၏လုပ်ငန်းနှင့်ကျား၊မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၇၅၀၀	၄၅၀၀	၅၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်း ခြင်း၊ မွေးမြူခြင်း)	နေ့စား	-	-	-	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၅၅၀၀	၄၅၀၀	၅၀၀၀	၄၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	-	-	-	-
၈	လက်လီ–လက်ကား ရောင်းဝယ်ရေး	နေ့စား	-	-	-	-

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	–	–	–	–
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	–	–	–	–

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်း စိုက်ပျိုးရေးလုပ်ငန်းများတွင် နေ့စားအဖြစ် ဝင်ရောက် လုပ်ကိုင်ပါက တစ်နေ့လျှင် အများဆုံး (၇၅၀၀)ခန့်ကျပ်ရရှိပြီးအနည်းဆုံးဈေး(၅၀၀၀)နှုန်းဖြင့် ဝင်ရောက် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းများပြား ပါသည်။ လက်သမား၊ ပန်းရံအဖြစ်လုပ်ကိုင်သူများ သည် တစ်နေ့လျှင် (၅၅၀၀)ခန့်ရရှိပြီးကျေးရွာတွင်း သာမက အနီးအနား ကျေးရွာများထိပါ သွားရောက်လုပ်ကိုင်လျက်ရှိပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ချောင်းဦးမြို့နယ်၊ ကျွက်ကျွန်း ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	–	ကောင်း ☐	သင့် ☐	ညံ့ ☐
ယာမြေ / တောင်ယာမြေ	–	ကောင်း ☐	သင့် ☐	ညံ့ ☐
ဥယျာဉ်ခြံမြေ	–	ကောင်း ☐	သင့် ☐	ညံ့ ☐
ကိုင်း/ကျွန်းမြေ	၁၇၄.၅၀	ကောင်း ☐	သင့် ✔	ညံ့ ☐
ခနိတောမြေ	–	ကောင်း ☐	သင့် ☐	ညံ့ ☐
စားကျက်မြေ	–	ကောင်း ☐	သင့် ☐	ညံ့ ☐
မြေလွတ် မြေလပ်	–	ကောင်း ☐	သင့် ☐	ညံ့ ☐
စုစုပေါင်း	၁၇၄.၅၀	☒		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုး ကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏ စိုက်ပျိုးနိုင်သော မြေဧရိယာများမှာ ကိုင်းကျွန်းမြေ(၁၇၄.၅၀) ဧကဖြစ်သည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ချောင်းဦးမြို့နယ်၊ ကျွက်ကျွန်းကျေးရွာ၏ ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့် ☐ နည်း ☐ မရှိ ✔	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
ကျောက်၊သဲ(✓)၊ ကျောက်စရစ်(✓) စသည်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ✔	လွယ် ☐ ခက်☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ (✓)၊ဆေးဘက်ဝင် အပင်များ)	များ ☐ သင့် ☐ နည်း ✔ မရှိ ☐	လွယ် ☐ ခက်✔ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ✔	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် သတ္တု နှင့် အခြားသယံဇာတများမထွက်ရှိပါ။ သဘာဝအပင် မျိုးစိတ်များ အနည်းငယ်သာရှိပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ချောင်းဦးမြို့နယ်၊ ကျွက်ကျွန်း ကျေးရွာ၏ ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	(၇)ဧကနှင့် (၅)ဧကကြား	(၃)ဧကနှင့်(၂)ဧကကြား	(၂)ဧကအောက် နှင့် မြေယာမဲ့	မြေယာမဲ့
အိမ်အခြေအနေ	(၂)ထပ်တိုက်/ (၁)ထပ်တိုက်	ပျဉ်ထောင် ပျဉ်ခင်းအိမ်	သွပ်မိုးထရံကာ	တဲအိမ်
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ထွန်စက်၊ ဆွဲလှေ့စက်၊ ဆိုင်ကယ်	လက်တွန်းထွန်စက်၊ ဆိုင်ကယ်၊	စက်ဘီး၊ ဆိုင်ကယ်	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စိုက်ပျိုးရေး	စိုက်ပျိုးရေး၊ ရောင်းဝယ်ရေး၊	စိုက်ပျိုးရေး၊ နေ့စားလုပ်သား	ကျပန်း
အိမ်ထောင်စု	၁၅	၂၅	၃၃	၃၂

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၌ အိမ်ထောင်စု(၁၀၅)ရှိရာ အဆင်ပြေသော အိမ်ထောင်စု(၁၅)စု၊ အလယ်အလတ်ရှိသောအိမ်ထောင်စု(၂၅)စု ၊ မပြေလည်သော အိမ်ထောင်စု (၃၃)စု နှင့် အလွန်အဆင်မပြေသော အိမ်ထောင်စု(၃၂)စု ရှိပါသည်။ မပြေလည်သော အိမ်ထောင်စု(၆၅)စု တွင် မြေယာမဲ့များပါဝင်ပြီး စိုက်ပျိုးရေးနေ့စားအလုပ်ဖြင့် အနည်းငယ် အဆင်ပြေကြသူများဖြစ်သည်။ အလွန်မပြေလည်သောအိမ်ထောင်စု (၃၂)စု မှာ အများအားဖြင့် ကျပန်းလုပ်သားများဖြစ်သည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချောင်းဦးမြို့နယ်၊ ကျွက်ကျွန်းကျေးရွာ၏ ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး

နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၂၂	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = (၁၀) လုပ်အားခကြိုယူ = (၁၂)
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	-	အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်း၌ (၃)လအောက် ဝမ်းစာဖူလုံမှုရှိသော အိမ်ထောင်စု(၂၂)စုမှာ NGOချေးငွေအဖွဲ့အစည်းများ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ချေးယူသုံးစွဲခြင်းဖြင့် လည်းကောင်း လုပ်အားခကြိုယူခြင်းဖြင့်လည်းကောင်း မိသားစုစားဝတ်နေရေးအား ဖြေရှင်းကြပါသည်။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ချောင်းဦးမြို့နယ်၊ ကျွက်ကျွန်း ကျေးရွာ၏ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄	-	-	-

အကြောင်းအရာ	ကျား	မ	ပေါင်း
နှစ်နှင့်အထက်			
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	–	–	–
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၄		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၂		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	–		

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်း အမျိုးသမီးများဦးဆောင်ပြီး ဆင်းရဲသော မိသားစု (၄)စု နှင့် အမျိုးသားဦးဆောင်ပြီးဆင်းရဲသော(မုဆိုးဖို/တစ်ခုလပ်) မိသားစု(၂)စုရှိပါသည်။

(၈-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ချောင်းဦးမြို့နယ်၊ ကျွက်ကျွန်း ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐ မရှိ ☐	လတ် ☐	နိမ့် ✔
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐ မရှိ ☐	လတ် ✔	နိမ့် ☐
၃	ရေကြီးခြင်း	မြင့် ✔ မရှိ ☐	လတ် ☐	နိမ့် ☐
၄	မိုးခေါင်ခြင်း	မြင့် ☐ မရှိ ☐	လတ် ✔	နိမ့် ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐ မရှိ ☐	လတ် ☐	နိမ့် ✔
၆	မုန်တိုင်း	မြင့် ☐ မရှိ ☐	လတ် ☐	နိမ့် ✔
၇	ငလျင်	မြင့် ☐ မရှိ ✔	လတ် ☐	နိမ့် ☐

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
၈	မီးဘေး	မြင့် ☐ မရှိ ☐	လတ် ☐	နိမ့် ✔
၉	ဆားငန်ရေဝင်မြေ	မြင့် ☐ မရှိ ✔	လတ် ☐	နိမ့် ☐
၁၀	မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု(✓)	မြင့် ☐ မရှိ ☐	လတ် ☐	နိမ့် ✔
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐ မရှိ ✔	လတ် ☐	နိမ့် ☐
၁၂	၄က်ဖျားရောဂါ	မြင့် ☐ မရှိ ✔	လတ် ☐	နိမ့် ☐
၁၃	တီဘီရောဂါ	မြင့် ☐ မရှိ ☐	လတ် ☐	နိမ့် ✔
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ မရှိ ✔	လတ် ☐	နိမ့် ☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐ မရှိ ✔	လတ် ☐	နိမ့် ☐
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐ မရှိ ☐	လတ် ☐	နိမ့် ✔
၁၇	လူကုန်ကူးခြင်း	မြင့် ☐ မရှိ ✔	လတ် ☐	နိမ့် ☐
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐ မရှိ ✔	လတ် ☐	နိမ့် ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ထိခိုက်သက်ရောက်မှုအခြေအနေများမှာ စားနပ်ရိက္ခာမဖူလုံမှု ရှိသော်လည်း နည်းပါးပါသည်။ စိုက်ပျိုးရေးရေအား နွေ၊မိုး၊ဆောင်းသုံးရာသီလုံး အဝီစိတွင်းများ မှ လုံလောက်စွာရရှိပါသည်။ ရံဖန်ရံခါ မိုးဦးစော၍ မိုးအလွန်ကြီးသောအခါများတွင် ချင်းတွင်းမြစ်ရေ တက်လာ ၍ သီးနှံများရိတ်သိမ်းခွင့်မရသော နှစ်များလည်းရှိပါသည်။ အပူပိုင်းဒေသဖြစ်၍ အအေးလွန်ကဲခြင်း၊ မုန်တိုင်း ဝင်ရောက်ခြင်းများ နည်းပါးပါသည်။ ခေတ်ပေါ်စိုက်ပျိုးရေးပစ္စည်းများ သုံးစွဲခြင်းကြောင့် မြေဆီလွှာများ ပျက်စီးပါသည်။ မွေးမြူထားသော တိရစ္ဆာန်များ ရံဖန်ရံခါ ကူးစက်ရောဂါများကျရောက်တတ်သည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ချောင်းဦးမြို့နယ်၊ ကျွက်ကျွန်းကျေးရွာ၏ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☐ လတ် ✔ နိမ့် ☐ မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐ လတ် ☐ နိမ့်✔ မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐ လတ် ✔ နိမ့် ☐ မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐ လတ် ☐ နိမ့်✔ မရှိ ☐
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐ လတ် ✔ နိမ့် ☐ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔
၁၂	ဒေသတွင်းပဋိပက္ခ ဇရိယာတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	**ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✔

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်း လူငယ်များသည် ပညာရေးအား ဆက်လက်လေ့လာမှုအားနည်းခြင်း၊ စည်းကမ်းလိုက်နာမှုအားနည်းခြင်း၊ အရက်သေစာသောက်စားခြင်းများရှိပါသည်။ ကျေးရွာအတွင်း၌ အမျိုးသမီးဦး ဆောင်သောဆင်းရဲသည့် အိမ်ထောင်စုမှာ (၄)စု နှင့် အမျိုးသားဦးဆောင်ပြီးဆင်းရဲသော(မုဆိုးဖို/တစ်ခုလပ်) မိသားစု(၂)စု ၊ လက်လုပ်လုပ်စား နေ့စားလုပ်သော အိမ်ထောင်စု(၃၃)စု ရှိပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ချောင်းဦးမြို့နယ်၊ ကျွက်ကျွန်းကျေးရွာ၏ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ကျွန်းသာယာ ပရဟိတ အသင်း	၁☐ ၂✔ ၃☐	၁၀	၁၀	၂၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ✔ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ✔ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ✔ သင့် ☐ ညံ့ ☐
၂	ဓမ္မစကြာ	၁☐ ၂☐ ၃ ✔	-	၁၅	၁၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ✔ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ✔ သင့် ☐ ညံ့ ☐
၃	ဂေါပကအဖွဲ့	၁☐ ၂☐ ၃ ✔	၈	-	၈	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ✔ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐	ကောင်း ✔ သင့် ☐ ညံ့ ☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						လုံခြုံရေးနှင့် ကာကွယ်ရေး ☐	
၄	မိဘဆရာအသင်း	၁☐ ၂✔ ၃☐	၅	၄	၉	ပညာရေး ✔ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ✔ သင့် ☐ ညံ့ ☐
၅	အရံမီးသတ်တပ်ဖွဲ့	၁☐ ၂✔ ၃☐	၁၀	-	၁၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ✔	ကောင်း ✔ သင့် ☐ ညံ့ ☐
၆	လျှပ်စစ်မီးလင်းရေး	၁☐ ၂✔ ၃☐	၁၅	-	၁၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐	ကောင်း ✔ သင့် ☐ ညံ့

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ✔ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်း၌ ပညာရေး၊ ငွေကြေး၊ ကျန်းမာရေး၊ ဘာသာရေး၊ စိုက်ပျိုးမွေးမြူရေး၊သာရေး/နာရေး ၊လူမှုဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့်ကာကွယ်ရေး စသည့်ကဏ္ဍအသီးသီး ၌ ကောင်းမွန်သော လူထုအခြေပြုအဖွဲ့အစည်းများ ဖွဲ့စည်းထားနိုင်ပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား(၁၂) **ချောင်းဦးမြို့နယ်၊ ကျွက်ကျွန်းကျေးရွာ၏**ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	Pact Myanmar	၁☐ ၂✔ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ငွေကြေး ✔ ကျန်းမာရေး☐ ဘာသာရေး☐

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
			စိုက်ပျိုးမွေးမြူရေး ✔ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐
၂	စထာပါနာ	၁☐ ၂✔ ၃☐ ၄☐ ၅☐ ၆☐ ၇☐	ပညာရေး ☐ ဌေကြေး ✔ ကျန်းမာရေး☐ ဘာသာရေး☐ စိုက်ပျိုးမွေးမြူရေး ✔ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့် ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ - ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ - Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ- ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့်ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် <u>ထည့်သွင်းဖော်ပြခြင်း မပြုပါရန်</u>။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှာ (၂)ဖွဲ့ရှိပါသည်။ Pact Myanmar၊ စထာပါနာ စသည့်အဖွဲ့အစည်းများမှ ကျေးရွာလူထု၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရောင်းဝယ်ရေးလုပ်ငန်းများအတွက် အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေများကို ထုတ်ချေးပေးလျက်ရှိပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) **ချောင်းဦးမြို့နယ်၊ ကျွက်ကျွန်းကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွဲ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၃၂	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၃၈	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၃၀	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၅	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	-	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၁၀၅	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မြေယာမရှိသော အိမ်ထောင်စု(၃၂)စု ၊ ၂.၅ ဧကအောက် ပိုင်ဆိုင်သော အိမ်ထောင်စု(၃၈)စု၊ ၂.၅ ဧကမှ ၅ ဧက ကြား ပိုင်ဆိုင်သော အိမ်ထောင်စု(၃၀)စု ၊ ၅ ဧကမှ ၁၂.၅ ဧက ကြား ပိုင်ဆိုင်သော အိမ်ထောင်စု(၅)စု ၊ တို့ဖြစ်ကြသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ချောင်းဦးမြို့နယ်၊ ကွပျက်ကျွန်း ကျေးရွာ၏ ရေအရင်းအမြစ်နှင့် **ရေသွင်းဧရိယာ**

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ✔	ရှိ☐ မရှိ☐ မဖြေဆိုပါ☐
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး☐ ရာသီအလိုက်☐ မဖြေဆိုပါ✔	ရှိ☐ မရှိ☐ မဖြေဆိုပါ☐

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၃	မြစ်ရေတင်စီမံကိန်း	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ✔	ရှိ□ မရှိ□ မဖြေဆိုပါ□
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ✔	ရှိ□ မရှိ□ မဖြေဆိုပါ□
၅	အဝီစိတွင်း	၁၇၄.၅၀	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်✔ မဖြေဆိုပါ□	ရှိ✔ မရှိ□ မဖြေဆိုပါ□
၆	လက်ငင်းရေတွင်း	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ✔	ရှိ□ မရှိ□ မဖြေဆိုပါ□
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ✔	ရှိ□ မရှိ□ မဖြေဆိုပါ□
၈	ချောင်းရေ	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ✔	ရှိ□ မရှိ□ မဖြေဆိုပါ□

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် နွေ၊မိုး၊ဆောင်း သုံးရာသီလုံး အဝီစိရေတွင်းများသာ အသုံးပြု၍ (၁၇၄.၅၀)ဧကော ရှိသော ကိုင်းကျွန်းမြေများကို ရေသွင်းစိုက်ပျိုးရပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) ချောင်းဦးမြို့နယ်၊ ကျွက်ကျွန်းကျေးရွာ၏ အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်းစိုက်	တစ်ဧကော အထွက်နှုန်း	သီးနှံစိုက်ပျိုး သည့်ကာလ	သွင်းအားစုလိုအပ်ချက် (မှန်ရာ	အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ

	ဧက	ယူနစ်	အနည်း ဆုံး	အများ ဆုံး	ပျမ်းမျှ	မှ	ထိ	တစ်ခုကို သာ ရွေးရန်)	ရွေးရန်)
CP ပြောင်းဖူး	၇၅	တင်း	၇၅	၁၀၀	၉၀	၁	၄	မြင့်□ လတ်✔နိမ့်□	မြင့်□ လတ်✔နိမ့်□
ပဲကြား	၂၀	တင်း	၁၇	၂၅	၂၀	၁	၄	မြင့်□ လတ်✔နိမ့်□	မြင့်□ လတ်✔နိမ့်□
ကုလားပဲ	၃၅	တင်း	၁၇	၂၅	၂၀	၁	၄	မြင့်□ လတ်✔နိမ့်□	မြင့်□ လတ်✔နိမ့်□
မြေပဲ	၃၇.၅	တင်း	၆၀	၈၅	၇၅	၁	၄	မြင့်□ လတ်✔နိမ့်□	မြင့်□ လတ်✔နိမ့်□
ခရမ်းချဉ်	၂၅.၅	ဝိဿာ	၃၀၀၀	၆၀၀၀	၄၀၀၀	၁	၄	မြင့်□ လတ်✔နိမ့်□	မြင့်□ လတ်✔နိမ့်□
ငရုတ်သီး	၁၅	ဝိဿာ	၁၅၀၀	၃၀၀၀	၂၀၀၀	၁	၃	မြင့်□ လတ်✔နိမ့်□	မြင့်□ လတ်✔နိမ့်□
ပဲတီစိမ်း	၃၅	တင်း	၁၅	၂၅	၂၀	၁	၄	မြင့်□ လတ်✔နိမ့်□	မြင့်□ လတ်✔နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ CPပြောင်းဖူးစိုက်တောင်သူများမှာ သွင်းအားစုဖြစ်သော ပုံပိုးပစ္စည်းများ အသုံးပြုရပြီး အမြတ်ရရှိနိုင်မှု အလယ်လတ်ရှိပါသည်။ ပဲကြားစိုက်တောင်သူများမှာ သွင်းအားစု ဖြစ်သော ပုံပိုးပစ္စည်းများ အသုံးပြုရသော်လည်း အထွက်နှုန်း နည်းပြီး ဈေးနှုန်းမှန်ကန်စွာ မရောင်းချနိုင်သောကြောင့် အမြတ်ရရှိနိုင်မှု အလွန်နည်းပါးပါသည်။ ကုလားပဲ စိုက်တောင်သူများမှာ သွင်းအားစုဖြစ်သော ပုံပိုးပစ္စည်းများ များပြားပြီး ဈေးကောင်းမီသောကြောင့် အမြတ်ငွေ အသင့်အတင့်ရရှိပါသည်။ မြေပဲ စိုက်တောင်သူများမှာ သွင်းအားစုဖြစ်သော ပုံပိုးပစ္စည်းများ အနည်းငယ်သုံးစွဲရပြီး အထွက်နည်းသောကြောင့် အမြတ်ငွေအသင့်အတင့်ရရှိပါသည်။

